# အသိပေးကြေညာခြင်း

၁။ ထိုင်းနိုင်ငံ၌ သာမန် မြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်လျက် လာရောက် အလုပ်လုပ်ကိုင်ကြသော မြန်မာနိုင်ငံသားများ အနေဖြင့် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ အတွင်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲ တွင် မြန်မာနိုင်ငံရှိ မိမိတို့ နေထိုင်ရာမဲဆန္ဒနယ်မြေ အတွက် ကြိုတင်ဆန္ဒမဲလက်မှတ် ဖြင့် မဲပေးနိုင် ရေးအတွက် **“ သက်ဆိုင်ရာ မဲဆန္ဒနယ် ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများနှင့် ပတ်သက်၍ ဖြည့်သွင်းရန် ပုံစံ(၁၅)” အား သံရုံး၌ အခမဲ့ တောင်းယူ ဖြည့်စွက် လက်မှတ်ရေးထိုးပြီးနောက် သာမန်မြန်မာနိုင်ငံကူး လက်မှတ် စာအုပ်၏ ဓါတ်ပုံပါသည့် စာမျက်နှာ(၂)နှင့် မှတ်ပုံတင် (သို့မဟုတ်) နိုင်ငံသားစိစစ်ရေး ကတ်ပြား၊ အိမ်ထောင်စုစာရင်းစာရွက် မိတ္တူများပူးတွဲလျက် သံရုံးသို့ပြန်လည် ပေးအပ်ရန် အသိပေးကြေညာအပ်ပါသည်။**

၂။ ယင်းပုံစံ(၁၅) အား မြန်မာသံရုံး၏ အင်တာနက် စာမျက်နှာ ဝပ်ဆိုက်ဖြစ် သည့် www.myanmarembassybkk.com တွင် PDF File ဖြင့် လွှင့်တင်ထား ပြီးဖြစ်၍ ဆွဲယူပုံနှိပ်ဖြည့်စွက်အသုံးပြုနိုင်ပါကြောင်းဖော်ပြအပ်ပါသည်။

၃။ အဆိုပါ ဖြည့်စွက်ပြီးသည့် ပုံစံနှင့် စာရွက်စာတမ်းများအား မြန်မာ သံရုံး၊ ဗန်ကောက်မြို့က သက်ဆိုင်ရာသို့ ဆက်လက်ပေးပို့ပေးသွားမည် ဖြစ်ပါသည်။




မြန်မာသံရုံး
ဗန်ကောက်မြို့

ရက်စွဲ၊ ၂၀၁၅ခုနှစ်၊ ဇူလိုင်လ ( ၃ ) ရက်

MYANMAR EMBASSY CONSULAR SECTION
026
BANGKOK



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
## သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့်
## ပတ်သက်၍ ဖြည့်သွင်းရန်ပုံစံ

[ နည်းဥပဒေ ၅၆ (က) နှင့် ၅၇ (က) ]

ဥက္ကဋ္ဌ

------------------------ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

ကျွန်တော်/ကျွန်မ ---------------------- သည် --------------------- ရွေးကောက်ပွဲကျင်းပသည့် နေ့ရက်တွင် သက်ဆိုင်ရာ မဲဆန္ဒနယ်၏ ပြင်ပသို့ ရောက်ရှိနေမည်ဖြစ်ပါသည်။ ကျွန်တော်/ကျွန်မအား ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ကျွန်တော်/ကျွန်မနှင့်ပတ်သက်သည့် အချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြတောင်းဆိုအပ်ပါသည် -

(၁) တောင်းဆိုသူ၏ အမည် ----------------------------------------
(၂) တိုင်းရင်းသားလူမျိုး ----------------------------------------
(၃) မှတ်ပုံတင်အမှတ် ----------------------------------------
(၄) မွေးသက္ကရာဇ် (အသက်) ----------------------------------------
(၅) အဘအမည် ----------------------------------------
(၆) အမိအမည် ----------------------------------------
(၇) *တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာ- အမှတ်( )
--------------- လမ်း/ကျေးရွာ----------------- ရပ်ကွက်/ကျေးရွာအုပ်စု၊
---------------- မြို့နယ်၊ -------------------- တိုင်းဒေသကြီး/ပြည်နယ်
(၈) တောင်းဆိုသူ ယခုရောက်ရှိနေသည့် -----------------------------
နေရပ်/ဌာန (ပြည်တွင်း/ပြည်ပ) -------------------------------
ခွဲခြားဖော်ပြရန်၊

တောင်းဆိုသူ၏ လက်မှတ်

ရက်စွဲ၊ ----------------------

(*တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာသည် ယခုတောင်းခံသည့် မဲဆန္ဒနယ်အတွင်း ဖြစ်ရမည်။)